လေးစားအပ်သည့် မိဘ/အုပ်ထိန်းသူများ

မကြာသေးမီက ဖြစ်ပွားခဲ့သော စိတ်ထိခိုက်ဖွယ် ဖြစ်ရပ်သည် ကျွန်ုပ်တို့၏ ကျောင်းရှိ ကျောင်းသားများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်မှုရှိနိုင်သည်။ ကျွန်ုပ်တို့သည် ယင်းကြေကွဲဖွယ် ဖြစ်ရပ်ကြောင့် ထိခိုက်ခံစားခဲ့ရသော မိသားစုများ၊ မိတ်ဆွေများအတွက် ထည့်သွင်း စဉ်းစားပေးလျက် ရှိသည်။

လူတစ်ဦးနှင့်တစ်ဦး တုံ့ပြန်ပုံချင်း မတူညီသောကြောင့် သင်နှင့် သင်၏ ကလေး/ကလေးများသည် ယနေ့နှင့် လာမည့်ရက်သတ္တပတ်များအတွင်း နည်းလမ်းအမျိုးမျိုးဖြင့် ထိခိုက်ခံစားရနိုင်သည်။ အချို့က လွန်စွာ စိတ်လှုပ်ရှားလွယ်ပြီး အချို့က စကားပြောဆိုချင်စိတ်ရှိကာ အချို့မှာ စကားပြောဆိုချင်စိတ်ရှိမည် မဟုတ်ပါ။ တုံ့ပြန်မှုများသည် အခါအားလျော်စွာ ပြောင်းလဲသွားတတ်သည်။ ၎င်းသည် ယင်းကဲ့သို့ ဖြစ်စဉ်များအပေါ် ပုံမှန်တုံ့ပြန်မှု ဖြစ်သည်။ သင်သည် သင့်ကလေး/ကလေးများက ၎င်းတို့၏ စိုးရိမ်မှုများကို မျှဝေပြောပြလိုသည့် အခါတိုင်း နားထောင်ပေးဖို့ အသင့်ရှိကြောင်း အသိပေးထားရန် တိုက်တွန်းပါသည်။

ကလေးသူငယ်များနှင့် လူငယ်များ ပိုမိုသိရှိစေရန် ပေးအပ်ရမည့် အရေးပါသော သတင်းစကားနှစ်ခုမှာ-

- ကျွန်ုပ်တို့အားလုံး စိတ်ဓာတ်ကျနေချိန် သို့မဟုတ် အားနည်းနေချိန်တွင် အခြားသူများထံမှ အကူအညီ ရယူသင့်သည်။
- မိတ်ဆွေသူငယ်ချင်း သို့မဟုတ် မိမိကိုယ်တိုင်အတွက် စိတ်ပူနေပါက ယုံကြည်ရသော လူကြီး တစ်ယောက်ယောက်ကို ပြောပြရန် အရေးကြီးသည်။

အချက်အလက်များ ထပ်မံသိရှိလိုပါက ပူးတွဲဖော်ပြထားသည့် 'စိတ်ထိခိုက်စရာ ဖြစ်ရပ်များကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကလေးသူငယ်များနှင့် လူငယ်များအား ကူညီခြင်း' လက်ကမ်းစာစောင်ကို ဖတ်ရှုပါ။ လိုအပ်ပါက စာရင်းတွင် ဖော်ပြထားသော ဝန်ဆောင်မှု တစ်ခုခုကို ရယူရန် တိုက်တွန်းပါသည်။

ကျွန်ုပ်တို့၏ ကျောင်းတွင် ရရှိနိုင်သော နောက်ထပ် ပံ့ပိုးကူညီမှုများအတွက် ကျောင်းအတိုင်ပင်ခံ ဝန်ထမ်းများ၏ ပံ့ပိုးမှုအပါအဝင် ရွေးချယ်စရာ အမျိုးမျိုးရှိသည်။ လိုအပ်ပါက သင့်ကလေးအတွက် နောက်ထပ်ပံ့ပိုးကူညီမှုများ ရယူရန် သင့်ကလေး၏ ကျောင်းအုပ်ကြီးထံ ဆက်သွယ်ပါ။

ကျောင်းသို့ဆက်သွယ်ရာတွင် စကားပြန် အကူအညီ လိုအပ်ပါက 131 450 သို့ ဖုန်းခေါ်ဆိုပြီး ဖုန်းလက်ခံဖြေဆိုသူအား သင်လိုအပ်သည့် ဘာသာစကားကို ပြောပြပြီး ကျောင်းသို့ ဖုန်းခေါ်ဆိုနိုင်းပါ။ သင်စကားပြောဆိုရာတွင် ကူညီရန် ဖုန်းလက်ခံဖြေဆိုသူက ဖုန်းလိုင်းပေါ်တွင် စကားပြန်တစ်ဦး ထားပေးမည် ဖြစ်သည်။ ဤဝန်ဆောင်မှုအတွက် အခကြေးငွေ ကောက်ခံမည် မဟုတ်ပါ။

လေးစားမှုဖြင့်

ကျောင်းအုပ်ကြီး